လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ September 2023

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသား အဆင့်မဟာဗျူဟာ စီမံကိန်း NSPAW Phase II (၂၀၂၃-၂၀၃၂) ၏ လုပ်ငန်းနယ်ပယ် (၁၂) ရပ် အလိုက်ရေးဆွဲထားသည့် စီမံချက်လုပ်ငန်းစဉ်(မူကြမ်း)များနှင့် ပတ်သက်သည့် အလုပ်ရုံ ဆွေးနွေးပွဲ တက်ရောက်အမှာစကားပြောကြားခြင်း




**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့** **နေပြည်တော်**

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂)၏ လုပ်ငန်းနယ်ပယ် (၁၂)ရပ်အတွက် ရေးဆွဲထားသည့် စီမံချက်လုပ်ငန်းစဉ် (မူကြမ်း) များနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ Kumudra Ballroom, Hotel Max ၌ ကျင်းပပြုလုပ်ခဲ့ရာ အလုပ်ရုံဆွေးနွေးပွဲသို့ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲရေးဆိုင်ရာ ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များဖြစ်သည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲရေး လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်မှာစကားပြောကြားခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က အမျိုးသမီး

များဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း(၂၀၂၃-၂၀၃၂) ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များအား ရှင်းလင်းတင်ပြခဲ့ပြီး လုပ်ငန်းကော်မတီအသီးသီးက မိမိတို့သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် တာဝန်ယူရေးဆွဲထားကြသည့် အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း(၂၀၂၃-၂၀၃၂)၏ လုပ်ငန်းနယ်ပယ် (၁၂) ရပ် စီမံချက်လုပ်ငန်းစဉ်(မူကြမ်း)များနှင့် ပတ်သက်၍ အကြံပြုပြင်ဆင်ဖြည့်စွက်မှုများပြုလုပ်ကာ အလုပ်ရုံဆွေးနွေးပွဲအား ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid အားလက်ခံတွေ့ဆုံခြင်း



**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းအား မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid ဦးဆောင်သောအဖွဲ့သည် (၄-၉-၂၀၂၃)ရက်နေ့တွင်ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံခဲ့ပြီး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် UNOCHA တို့အကြား သဘောတူညီမှုစာလွှာ (LoA) သက်တမ်းတိုးရေးကိစ္စ ပြည်ဝင်ဗီဇာဆိုင်ရာကိစ္စများ၊ ပြည်တွင်းခရီးသွားလာခွင့်ကိစ္စများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အသင်းအဖွဲ့ မှတ်ပုံတင်ရေးဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပါသည်။

ရှေးဦးအစွယ်ကလေးသူငယ်

MCCT

လူမှုရေးပင်စင်

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်မည့်“မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပရဟိတဂေဟာများတွင် အနိမ့်ဆုံးရှိရမည့် ပြုစုစောင့်ရှောက်ခြင်းနှင့် အကာအကွယ်ပေးခြင်း ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ လက်ခံစောင့်ရှောက်ထားမှု အခြေအနေဆိုင်ရာ ကနဦးသုတေ သန” ရှင်းလင်းတင်ပြခြင်းသို့တက်ရောက်ပြီးအကြံပြုလမ်းညွှန်မှာကြားခြင်း




**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့ — နေပြည်တော်**

လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်မည့် “မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပရဟိတဂေဟာများ တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ထုတ်ပြန်ထားသော ဂေဟာ/ သင်တန်းကျောင်းများတွင် အနိမ့်ဆုံးရှိရမည့် ပြုစု စောင့်ရှောက်ခြင်းနှင့် အကာအကွယ်ပေးခြင်းဆိုင်ရာ စံချိန် စံညွှန်းများနှင့်အညီ လက်ခံစောင့်ရှောက်ထားမှုအခြေအနေ ဆိုင်ရာ ကနဦးသုတေသန” ကို ရှင်းလင်းတင်ပြခြင်း အစည်းအဝေးအား ဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် များ၊ ညွှန်ကြားရေးမှူးများ၊ ဘာသာရပ်ဆိုင်ရာ တာဝန်ခံ များ တက်ရောက်ခဲ့ကြပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံခြင်း

**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ — နေပြည်တော်**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ စိုးဝင်းအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar ဦးဆောင်သောအဖွဲ့သည် (၁၉-၉-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၊ မေခလာခန်းမသို့ လာရောက်တွေ့ဆုံခဲ့ပါသည်။

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေး (၃/၂၀၂၃)



**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ နေပြည်တော်**

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေး (၃/၂၀၂၃)ကို ယနေ့ နေ့လယ်(၁၄:၀၀)နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးရုံး၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အဖွဲ့ဝင်များဖြစ်ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး တက်ရောက်လာသူများမှ ပထမ (၆) လပတ်အစီရင်ခံစာ (မူကြမ်း)အပေါ် အကြံပြု ဆွေးနွေးအတည်ပြုခြင်းနှင့် စီမံချက်ကာလတတိယသက်တမ်းတိုးရေးတို့ကို ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကာ အစည်းအဝေးအား ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး

မိုင်းဒဏ်သင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၊ မူလတန်း ကြိုကျောင်း၊ ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံနှင့် ဘိုးဘွားရိပ်သာသို့ ကြည့်ရှုစစ်ဆေးခြင်း



**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့ ဧရာဝတီတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် (၁၁-၉-၂၀၂၃) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ ပုသိမ်အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ သွားရောက်၍ သင်တန်းသူများနှင့် ရင်းနှီးစွာတွေ့ဆုံပြီး ယခုသင်တန်းမှ သင်ကြားပေးလိုက်သည့် ပညာကို အခြေခံပြီး တစ်ပိုင်တစ်နိုင် ကိုယ်ပိုင်စီးပွားရေး ဖြစ်ထွန်းတိုးတက်လာအောင် ကြိုးစားဆောင်ရွက်စေလိုပါကြောင်း၊ ထိုမှတစ်ဆင့် မိမိတို့၏ ထုတ်ကုန်များအား ပြည်တွင်းတွင် သုံးစွဲနိုင်ရုံမကနိုင်ငံခြားထုတ်ကုန်များကဲ့သို့ အဆင့်မီအောင် ကြိုးစားစေလိုပါကြောင်း၊ သင်တန်းဆင်းကျောင်းသူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မှု ရှိ-မရှိအား ဆရာမများမှ စဉ်ဆက်မပြတ်ဆန်းစစ် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ ဇာတ်တိုက်လေ့ကျင့်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန်၊ သိုလှောင်ရုံများတွင် မီးဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ဌာနတွင်းဇာတ်တိုက် လေ့ကျင့်မှုများ ပိုမိုဆောင်ရွက်သွားရန်၊ အသိပညာပေး လုပ်ငန်းများဆောင်ရွက်ရာတွင် အသိပညာ ဗဟုသုတများရရှိပြီး စနစ်တကျ လိုက်နာတုံ့ပြန် ဆောင်ရွက်နိုင်ရေး ဦးတည်ဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် မိမိ၏ လုပ်ငန်းများအပေါ် တာဝန်သိစိတ်၊ တာဝန်ရှိစိတ်ဖြင့် စေတနာထား၍ ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

## ရေဝတီတိုင်းဒေသကြီးအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များ၊ သက်ကြီး ဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ကြေးပေးအပ်ခြင်း



**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့ ရေဝတီတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းသည် (၁၂-၉-၂၀၂၃) ရက်နေ့တွင် ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ရေရွှေဝါခန်းမ၌ ကျင်းပပြုလုပ်သော ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ်အတွက် ရေဝတီတိုင်းဒေသကြီး အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များ၊ အသက်(၈၅)နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများသို့ ထောက်ပံ့ကြေး ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဝန်ကြီးဌာနက ရေးဆွဲထားရှိသည့် **မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာ စီမံချက်** ပါလုပ်ငန်းစဉ်များကို ၂၀၁၄ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး ထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ရေဝတီတိုင်းဒေသကြီး အတွင်းရှိ အကျိုးခံစားခွင့်ရှိသူ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ် စုစုပေါင်း (၁၁၈,၇၆၆) ဦးအတွက် ထောက်ပံ့ပေးသွားမှာဖြစ်ပါကြောင်း၊ လူမှုရေးပင်စင် အစီအစဉ်အနေဖြင့် အသက်(၈၅) နှစ်အထက် သက်ကြီးဘိုးဘွား (၃၁၇၇၂) ဦးကို စက်တင်ဘာလကုန်တွင် ထောက်ပံ့နိုင်ရေး ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့နယ်၊ ချောင်းသာမြို့၊ အမှတ် (၃) ရပ်ကွက်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ၂၀၂၂ ခုနှစ်၊ နှစ်ကုန်ပိုင်းက တည်ဆောက်ပြီးစီးခဲ့သော Shelter သို့ သွားရောက်ကြည့်ရှုပြီး Shelter ကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် သာမန်အခြေအနေတွင် မူလတန်းကြိုကျောင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး တွဲဖက်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားရန်၊ ဘေးအန္တရာယ်

ဖြစ်ပွားချိန်တွင် ခိုလှုံရာနေရာအဖြစ် အချိန်မရွေးအသုံးပြုနိုင်ရေးထိန်းသိမ်းကြရန်တို့ကို လမ်းညွှန်မှာကြားခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီးတွင် မြစ်ကမ်းပါးနိမ့်ကျမှု ကာကွယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနငယ်များသို့ သွားရောက်ကြည့်ရှုခြင်း



**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့ ဧရာဝတီတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည်တာဝန်ရှိသူများလိုက်ပါလျက် (၁၃-၉-၂၀၂၃)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ကန်ကြီးထောင့်မြို့နယ်၊ တကုန်းကြီးရှိ ကန်ကြီးထောင့် မူလတန်းကြိုကျောင်း တည်ဆောက်မည့် မြေနေရာအား သွားရောက်ကြည့်ရှုပြီး ကလေးငယ်များနှင့် သင့်လျော်ကောင်းမွန်မည့် ကျောင်းအဆောက်အဦ ဒီဇိုင်းပုံစံဖြင့် တည်ဆောက်နိုင်ရေး ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါသည်။ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်း (ထောက်ကြန့်)သို့ သွားရောက်ခဲ့ရာ ကျောင်းအုပ်မှ အမျိုးသမီးကလေးများအား လက်ခံ စောင့်ရှောက်ထားရှိမှု အခြေအနေများနှင့် မြောက်ပိုင်း ခရိုင်လူမှုဝန်ထမ်းရုံး၊ ခရိုင်ဦးစီးမှူးမှ ခရိုင်အတွင်း လူမှုဝန်ထမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Marcoluigi Corsi အားလက်ခံတွေ့ဆုံခြင်း

**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့ နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းထံ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Marcoluigi Corsi ဦးဆောင်သောအဖွဲ့က (၁၄-၉-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လာရောက် တွေ့ဆုံခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေ ကိုယ်စားလှယ် Ms. Elena Ajmone Sessera အားလက်ခံတွေ့ဆုံခြင်း



**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ — နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေ ကိုယ်စားလှယ် Ms. Elena Ajmone Sessera ဦးဆောင်သော အဖွဲ့သည် (၁၈-၉-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ပါသည်။

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ(၁/၂၀၂၃) အစည်းအဝေးကျင်းပခြင်း




**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ — နေပြည်တော်**

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီအစည်းအဝေး ( ၁ / ၂၀၂၃ ) ကို (၁၉-၉-၂၀၂၃)

ရက်နေ့တွင် ဝန်ကြီးရုံး၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး လုပ်ငန်းကော်မတီဝင်၊ အတွင်းရေးမှူး(၁) ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များ အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ လုပ်ငန်းကော်မတီဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးမှ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း နေပြည်တော်အတွင်းရှိ သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများနှင့် ထိခိုက်လွယ်အုပ်စုများသို့ ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနား




**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ နေပြည်တော်**

၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အသက်(၈၅)နှစ်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ထိခိုက်လွယ်အုပ်စုများသို့ ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့၊ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး၊နေပြည်တော်ကောင်စီဝင်များ၊အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အသက်(၈၅)နှစ်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ထိခိုက်လွယ်အုပ်စုများအတွက် ထောက်ပံ့ကြေး စုစုပေါင်း (၄၂၁.၉၅) ကျပ်သန်းကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးထံသို့ ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၊

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များနှင့် အမြဲတမ်းအတွင်းဝန်တို့က ထောက်ပံ့ကြေးများကို ဂေဟာ၊ ရိပ်သာ တာဝန်ခံများကို ပေးအပ်ခဲ့ပါသည်။ ယင်းနောက် ဂေဟာ/ ရိပ်သာများကိုယ်စား စမတောင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှ ဂေဟာမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံရုံး ယာယီတာဝန်ခံ/ သံအမတ်အား လက်ခံတွေ့ဆုံခြင်း




**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းအား မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံရုံး ယာယီတာဝန်ခံ/ သံအမတ် Dr. Rashid Abdulla AL-Kuwari ဦးဆောင်သောအဖွဲ့သည်(၂၀-၉-၂၀၂၃)ရက်နေ့တွင်ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံခဲ့ပါသည်။

## လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၃) ကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့ နေပြည်တော်**



လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ (၁/၂၀၂၃) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်၍ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ ဖြစ်ကြသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီး ဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများက လူမှုကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများကို ဆွေးနွေးခဲ့ကြပြီး ဆုံးဖြတ်ချက်(၇)ခု ချမှတ်ခဲ့ကြပါသည်။

အစည်းအဝေးသို့ လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ လုပ်ငန်းကော်မတီ အဖွဲ့ဝင် စုစုပေါင်း (၂၆)ဦး တက်ရောက်ခဲ့ကြပြီး အစည်းအဝေးအား နေ့လယ်ပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး ရခိုင်ပြည်နယ်အတွင်းရှိ ဝန်ကြီးဌာန၏ လုပ်ငန်းများနှင့် မိုခါမုန်တိုင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခြင်း



**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ ရခိုင်ပြည်နယ်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းသည် (၂၅-၉-၂၀၂၃) ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့ ရောက်ရှိပြီး မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရခိုင်ပြည်နယ် လူမှုဝန်ထမ်းရုံး အဆောက်အအုံများ ပြန်လည်ပြုပြင်ဆောက်ရွက်ထားရှိမှု အခြေအနေနှင့် အကြမ်းဖက်ခံရသော အမျိုးသမီးများအား ယာယီနားခိုရာ (One Stop Women Center)တို့ကို ကြည့်ရှုပြီး လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ကိုယ်ဝန်ဆောင်မှသည် သက်ကြီးရွယ်အိုထိ လူ့ဘဝ တစ်လျှောက်လုံးအတွက် လူမှုရေးဆိုင်ရာ လိုအပ်ချက်များ ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ မူကြိုအရွယ် ကလေးငယ်များ၏ ဇလ (၅) တန် ဖွံ့ဖြိုးရေး၊ ကာကွယ် စောင့်ရှောက်ပေးရန် လိုအပ်သူများအတွက် အသက်မွေး ဝမ်းကျောင်းပညာ သင်ကြားပေးခြင်းများလည်း ပါဝင်ပါ

ကြောင်း၊ မိမိတို့ဌာန၏ အသုံးစရိတ်များသည် အသုံးစရိတ် သက်သက်မဟုတ်ပဲ ရေရှည်ဖွံ့ဖြိုးမှုအတွက် ရင်းနှီးမြုပ်နှံမှု ဖြစ်ပါကြောင်း ဝန်ထမ်းများသည် ပြည်သူ့အကျိုးကို ရှေ့ရှုပြီး တာဝန်ထမ်းဆောင်ပေးစေလိုပါကြောင်း မှာကြားခဲ့ပါသည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းနှင့် တာဝန်ရှိသူများသည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ရခိုင်ပြည်နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ကယ်ဆယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ သိုလှောင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုခဲ့ပြီး၊ ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် မိမိတို့နိုင်ငံကို သဘာဝဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံနိုင်သော နိုင်ငံအဖြစ်ရောက်ရှိစေရေးအတွက် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများကို အခြားသောဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် အစဉ်အမြဲ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းစီအလိုက် အရည်အသွေး တိုးတက်မြင့်မားလာပါက မိမိအတွက်သာမက တိုင်းပြည်နှင့်ပြည်သူလူထုအတွက်ပါ ပိုမိုအကျိုးရှိစေမည် ဖြစ်ပါကြောင်းနှင့် ထောက်ပံ့ရေးပစ္စည်းများကို လေလွင့်ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော မိုခါမုန်တိုင်းကြောင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် ပြန်လည်လက်ခံရေးစခန်းများတွင် ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ အာဆာဆိပ်ကမ်းတွင် ရတနာ ပန်းတောင်းသင်္ဘောပေါ်မှ မိုခါမုန်တိုင်းပြန်လည်ထူထောင်ရေးပစ္စည်းများ ကရိန်းယာဉ်ဖြင့် ဆိပ်ကမ်းချနေမှု အခြေအနေများ၊ စစ်တွေမြို့ Point အပန်းဖြေစခန်း ပြန်လည်ပြုပြင်တည်ဆောက်ထားရှိမှုအခြေအနေများနှင့် စစ်တွေမြို့ ရှုခင်းသာလမ်း ပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရခိုင်ပြည်နယ် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံ အသစ်တည်ဆောက်မည့်မြေနေရာနှင့် မိုခါမုန်တိုင်းကြောင့် ပြိုကျပျက်စီးသွား

သော သိုလှောင်ရုံဟောင်းနေရာများကို သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ရခိုင်ပြည်နယ်အတွင်း လူမှုကာကွယ်စောင့်ရှောက်ရေးထောက်ပံ့ငွေများပေးအပ်ခြင်း



**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ ရခိုင်ပြည်နယ်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းနှင့် တာဝန်ရှိသူများသည် (၂၆-၉-၂၀၂၃) ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ လောကာနန္ဒာဘုရားအတွင်းရှိ သာသနာ့ဗိမာန်၌ ကျင်းပပြုလုပ်သော ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များ၊ သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များ ထောက်ပံ့ရေး အစီအစဉ်အရ အကျိုးခံစားခွင့်ရှိသူ (၆၈၃၂၈) ဦးအတွက် ထောက်ပံ့ကြေးငွေကျပ် (၂၈၉၇.၅၂) သန်းနှင့် အသက် (၈၅) နှစ်အထက် သက်ကြီးဘိုးဘွား (၁၄၂၈၉)ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် (၄၂၈.၆၇)သန်းကို ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဦးထိန်လင်းထံသို့ လွှဲပြောင်းပေးအပ်ပြီး တည်ထောင်ခွင့်ပြုမိန့်ရ စေတနာ့ဝန်ထမ်းအဖွဲ့အစည်း(၃) ဖွဲ့သို့ ထောက်ပံ့ငွေကျပ် (၄၆.၈၁၅)သန်းကို မေတ္တာဥယျာဉ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

လူမှုရေးရာများနှင့်ပတ်သက်လျှင် | သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်လျှင်
HELP LINE | HOT LINE
၀၆၇-၃၄၀ ၄၂၂၂ | ၀၆၇-၃၄၀ ၄၆၆၆
၀၆၇-၃၄၀ ၄၉၉၉ | ၀၆၇-၃၄၀ ၄၇၇၇
၂၄-နာရီ စုံစမ်းမေးမြန်းနိုင်ပြီး လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

## ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့အစည်းအဝေးကျင်းပခြင်း




**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့ နေပြည်တော်**

ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့အစည်းအဝေးကို(၂၈.၉.၂၀၂၃)ရက်နေ့တွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ရာ ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရန်ပုံငွေဆိုင်ရာဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများ အပေါ် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသူများက နေ့ကလေးထိန်းဌာန၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြု၊ အိမ်အခြေပြုလုပ်ငန်းများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိရောက်လွှမ်းခြုံမှုရှိစေရေးအတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။

## မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပြည်နယ်လူမှုဝန်ထမ်းရုံး၊ အစည်းအဝေးခန်းမ၌ ၂၀၂၃ -၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ကြေး ပေးအပ်သည့် အခမ်းအနား ကျင်းပပြုလုပ်မှုမှတ်တမ်း

**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ မွန်ပြည်နယ်**

မွန်ပြည်နယ်လူမှုဝန်ထမ်းရုံးမှ ကြီးမှူး၍ မော်လမြိုင်ခရိုင်နှင့် ရေးခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများဖြစ်သော လူမှုဝန်ထမ်းဦးစီးဌာနမှတည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးထားသည့် ဘိုးဘွားရိပ်သာများ၊ အမျိုးသမီးစောင့်ရှောက်ရေးဂေဟာ၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများနှင့် လူငယ်ရိပ်သာများအတွက်၂၀၂၃-၂၀၂၄ခု၊ ဘဏ္ဍာရေးနှစ် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ကြေးပေးအပ်သည့်

အခမ်းအနားကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် မွန်ပြည်နယ် လူမှုဝန်ထမ်းရုံး၊ ညွှန်ကြားရေးမှူး ဒေါ်လွဲ့ယဉ်ဝင်းက လူမှုဝန်ထမ်းဦးစီးဌာနက စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး၊ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် မော်လမြိုင်ခရိုင်နှင့် ရေးခရိုင်အတွင်းရှိ ဘိုးဘွားရိပ်သာ (၃) ခု၊ အမျိုးသမီးစောင့်ရှောက်ရေးဂေဟာ (၁) ခု၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း (၂၇) ကျောင်း၊လူငယ်ရိပ်သာ (၂) ခုတို့အတွက် ထောက်ပံ့ငွေ စုစုပေါင်း **ကျပ် ၃၇.၈၁၇ သန်း** အား အသီးသီးထောက်ပံ့ပေးအပ်ခဲ့ပါသည်။ ထို့နောက် တောင်ဝိုင်းဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ဦးမျိုးအောင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို မွန်းလွဲ (၁၃:၃၀) နာရီတွင် ရုပ်သိမ်းလိုက်ပါသည်။

## အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲ ကျင်းပခြင်း



**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့** **နေပြည်တော်**

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ (International Day for Disaster Risk Reduction–IDDRR) အထိမ်းအမှတ် အဖြစ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို (၂၉-၉-၂၀၂၃)ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ် (၉) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပပြုလုပ်ရာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ အနက် (၃၃) ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ (၁၈၁) ဦးတို့က **"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့၊ မညီမျှမှုတွေ တိုက်ဖျက်စို့" "Fighting Inequality For A Resilient Future"** ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးခဲ့ကြပါသည်။

## (၁၀)ကြိမ်မြောက်အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်များအခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ကော်မရှင် (ACWC) နှင့် အာဆီယံအမျိုးသမီးကော်မတီ(ACW) ညှိနှိုင်းအစည်းအဝေး(10th ACWC-ACW Consultation Meeting)နှင့် (၂၇) ကြိမ်မြောက် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး နှင့် မြှင့်တင်ရေးဆိုင်ရာ ကော်မရှင်အစည်းအဝေး (27th ACWC Meeting) တို့သို့ လူမှုဝန်ထမ်းဦးစီး ဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ဥက္ကဋ္ဌတို့မှ Video Conferencing ဖြင့် တက်ရောက်ခြင်း

**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့ — နေပြည်တော်**



အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ACWC Malaysia နှင့် ACWC Indonesia တို့မှ ကြီးမှူး၍ (၂၀.၉.၂၀၂၃) ရက်နေ့၊ နံနက်ပိုင်းတွင် (၁၀) ကြိမ်မြောက် အာဆီယံအမျိုးသမီးနှင့်ကလေးသူငယ်များအခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ကော်မရှင် (ACWC) နှင့် အာဆီယံအမျိုးသမီးကော်မတီ (ACW) ညှိနှိုင်းအစည်းအဝေး (10th ACWC-ACW ConsultationMeeting) နှင့် (၂၁.၉.၂၀၂၃) ရက်နေ့တွင် (၂၇) ကြိမ်မြောက် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ ကော်မရှင်အစည်းအဝေး (27th ACWC Meeting) တို့အား Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ACWC ၏ ကလေးသူငယ်အခွင့်အရေး ကိုယ်စားလှယ်ဖြစ်သူ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာ စန်းစန်းအေး၊ ACWC ၏ အမျိုးသမီးအခွင့်အရေး ကိုယ်စားလှယ်ဖြစ်သူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ဥက္ကဋ္ဌ၊ ဒေါက်တာ သက်သက်ဇင်နှင့် ဘာသာရပ်ဆိုင်ရာ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလအတွင်း သဘာဝဘေးအသိပညာပေးများပြုလုပ်ခြင်း




(၃၁-၈-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သုံးခွမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကျေးစာရေး (၁၅၀) ဦးခန့်အား သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ နှင့် ဗီနိုင်းပိုစတာများဖြန့်ဝေခြင်းများဆောင်ရွက်ခဲ့ပါသည်။



(၄-၉-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်းဒေကြီး ဦးစီးမှူးရုံးမှတာဝန်ရှိသူများသည်တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊အ.ထ.က(၁)အထက်တန်းကျောင်းတွင် ကျောင်းသား/ ကျောင်းသူ (၁၅၀) ဦးခန့်တို့အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



(၅-၉-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်းဒေကြီး ဦးစီးမှူးရုံးမှတာဝန်ရှိသူများသည်တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ဆရာမိုးဒီပညာရွှေပြည် ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ဆရာ/ ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူ (၁၆၀) ဦးခန့်တို့အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ပါသည်။




(၆-၉-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်းဒေကြီး ဦးစီးမှူးရုံးမှတာဝန်ရှိသူများသည်တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ အလက (၂) ကျောင်း၌ ကျောင်းသား/ကျောင်းသူ (၁၂၀)ဦးခန့်တို့အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်း စာစောင်များနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



(၁၉-၉-၂၀၂၃) ရက်နေ့တွင် မုဒုံမြို့နယ်ဦးစီးမှူးရုံးမှတာဝန်ရှိသူများသည် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အ.လ.က (သဘော်ဥဦး) ကျောင်း၌ ဆရာ/ ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူ (၁၂၀) ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ပါသည်။




(၂၁-၉-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးတာဝန်ရှိသူများသည်ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အ.ထ.က ပျဉ်ထောင်စာသင်ကျောင်း၌ ကျောင်းသား/ ကျောင်းသူ (၁၀၀) ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလအတွင်း မီးဘေးထောက်ပံ့မှုများ



(၆-၉-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကြည်ကုန်းရပ်ကွက်၊ ဖောင်းကလောရပ်၊ အကွက်အမှတ်(၁၀-ခ) ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၁)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂,၁၀၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုးတို့ကို (၈-၉-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၀-၉-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ အမှတ် (၈) ရပ်ကွက်၊ နယ်မြေ(၅)တွင် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၁) လုံး၊ တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၂) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၂) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂၅,၂၀၀) နှင့်ကယ်ဆယ်ရေး ပစ္စည်း (၁၆)မျိုးတို့ကို (၁၁-၉-၂၀၂၃) ရက်နေ့တွင် မန္တလေး တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလအတွင်း ရေဘေးထောက်ပံ့မှုများ




(၄-၉-၂၀၂၃) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းအုပ်စု၊ မအူလေးပင်ကျေးရွာ၊ တောင်ညိုအုပ်စု၊ ပြည်တော်လင်းကျေးရွာနှင့် သရက်တောအုပ်စု၊ ပိုးစာတောကျေးရွာ၌မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးဖြစ်ပွားမှုကြောင့် အိမ်ခြေ (၅) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၆၅၀,၀၀၀)ဘေးသင့်လူဦးရေ(၂၀)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄၂,၀၀၀) နှင့် တောင်ညိုအုပ်စုအတွင်း ကာဘော်လစ်ဆပ်ပြာ (၂၀၀) တောင့်၊ သက်ကယ်အင်္ကျီ (၁၀) ထည်တို့အား (၆-၉-၂၀၂၃) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၆-၉-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အမှတ် (၄) ရပ်ကွက်၌ မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားပြီး ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ဘေးသင့်လူဦးရေ (၄၇) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၉၈,၇၀၀)အား(၇-၉-၂၀၂၃) ရက်နေ့တွင် ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၆-၉-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ အမှတ်(၂) ရက်ကွက်၌ မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားပြီး ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ဘေးသင့်လူဦးရေ (၂၆၉) ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၅၆၄,၉၀၀) အား (၇-၉-၂၀၂၃) ရက်နေ့တွင် တံတားဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၆-၉-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ရေဆုံး ကျေးရွာအုပ်စု၊ ကျဲကူးကျေးရွာ၌ မိုးသည်းထန်စွာ ရွာသွန်း မှုဖြစ်ပွားပြီး ရေတိုက်စား၍ လုံးဝပျက်စီးလူနေအိမ်(၂)လုံး အတွက်အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၂၀၀,၀၀၀)၊ ဘေးသင့်လူဦးရေ(၁၀)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ ငွေကျပ် (၂၁,၀၀၀) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ ကို (၇-၉-၂၀၂၃) ရက်နေ့တွင် ညောင်ဦးခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၇-၉-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အမှတ် (၄) ရပ်ကွက်နှင့် အမှတ် (၅) ရပ်ကွက်တို့၌ မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပွားပြီး ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ဘေးသင့်လူဦးရေ (၁၄၄) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၃၀၂,၄၀၀) အား (၈-၉-၂၀၂၃) ရက်နေ့ တွင် ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ ပါသည်။



(၇-၉-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ အမှတ်(၆) ရပ်ကွက်၌ မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားပြီး ရေဝင်နစ်မြုပ်မှု ကြောင့် ဘေးသင့်လူဦးရေ (၇၅) ဦးအတွက် ဆန်ရိက္ခာဖိုး

ထောက်ပံ့ငွေကျပ် (၁၅၇,၅၀၀) အား (၈-၉-၂၀၂၃) ရက်နေ့တွင် မြင်းခြံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၈-၉-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အမှတ် (၄) ရပ်ကွက်၌ မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွားပြီး ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ဘေးသင့်လူဦးရေ (၄၀) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၈၄,၀၀၀)တို့ကို(၇-၉-၂၀၂၃) ရက်နေ့တွင် ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။




(၁၃-၉-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ ရွှေဘုံသာဘုရားတန်ဆောင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ဘေးသင့်လူဦးရေ (၂၉) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၆၀,၉၀၀)၊ ကာဘော်လစ်ဆပ်ပြာ (၇) တောင့်တို့ကို (၁၅-၉-၂၀၂၃) ရက်နေ့တွင် ဟင်္သာတခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလအတွင်း လေဘေးထောက်ပံ့မှုများ




(၄-၉-၂၀၂၃) ရက်နေ့တွင်တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ အေးရိပ်ငြိမ်ရပ်ကွက်၌ လေဘေးဖြစ်ပွားခြင်းကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၁၅)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၃၁,၅၀၀/-) တို့ကို (၇-၉-၂၀၂၃) ရက်နေ့တွင် ကော့သောင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၅-၉-၂၀၂၃)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ကျေးရွာအုပ်စု(၂)စု၊ ကျေးရွာ(၂)၌ လေဘေးဖြစ်ပွားခြင်းကြောင့်တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၈) လုံးနှင့် ဘုန်းတော်ကြီး (၁) ကျောင်း တို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး/ ကျောင်းဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၃၉၇,၀၀၀/-)၊ ဘေးသင့် လူဦးရေ (၄၅) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၉၄,၅၀၀/-)တို့ကို (၆-၉-၂၀၂၃) ရက်နေ့တွင် သပိတ်ကျင်းမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၃-၉-၂၀၂၃)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ယင်းဆယ်အုပ်စု၊

ယင်းဆယ်ကျေးရွာ၌ လေဘေးဖြစ်ပွားမှုကြောင့် ပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၂)ဦး တို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၄,၂၀၀၀/-) တို့ကို (၁၅-၉-၂၀၂၃) ရက်နေ့တွင် ဟသ်ာတခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။




(၁၃-၉-၂၀၂၃) ရက်နေ့တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ရွာတန်းရှည်ကျေးရွာအုပ်စု၌ လေဘေးဖြစ်ပွားမှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၅) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၀,၅၀၀/-) တို့ကို (၁၄-၉-၂၀၂၃) ရက်နေ့တွင် ပေါင်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။




(၁၆-၉-၂၀၂၃) ရက်နေ့တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျုံကကျေးရွာအုပ်စု၊ ပိတောက်ကုန်းကျေးရွာ၌ လေဘေးဖြစ်ပွားမှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂) ဦး တို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄,၂၀၀/-) တို့ကို (၁၈-၉-၂၀၂၃) ရက်နေ့တွင် ပေါင်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလအတွင်း မိုးကြိုးဘေးထောက်ပံ့မှုများ



(၁၀-၉-၂၀၂၃)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ကမ္ဘကျေးရွာအုပ်စု၊ သစ္စေးကျေးရွာ၌ မိုးကြိုးထိမှန်၍ လူ (၁) ဦးသေဆုံးကာ သေဆုံးထောက်ပံ့ငွေကျပ်(၃၀၀,၀၀၀/-)အား(၁၁-၉-၂၀၂၃) ရက်နေ့တွင် ရမည်းသင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကမ်းပြိုဘေးထောက်ပံ့မှုများ

(၃၀-၈-၂၀၂၃)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ကျွဲဒုံးကျေးရွာအုပ်စု၊ ကျွဲသောင်းကျေးရွာ၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ပြိုကျနေသည့် လူနေအိမ် (၈) လုံးအတွက် အိမ်ဆောက်

ပစ္စည်းဖိုး ထောက်ပံ့ငွေ (၈၀၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ (၃၆) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၇၅,၆၀၀/-) တို့ကို (၃၀-၈-၂၀၂၃)ရက်နေ့တွင် မအူပင် ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၃-၉-၂၀၂၃)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ ကြာအင်းအုပ်စု၊ ရေပေါက်ကြီးကျေးရွာ၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ကြိုတင်ဖျက်သိမ်း လူနေအိမ်(၁၄)လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေ(၁,၄၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၆၄) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၃၄,၄၀၀/-) တို့ကို (၅-၉-၂၀၂၃) ရက်နေ့တွင် ဟင်္သာတ ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၄-၉-၂၀၂၃)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ အိပ်ပျက်အုပ်စု၊ ငှက်ပျောတောကျေးရွာ၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ကြိုတင် ဖျက်သိမ်း ဘုန်းတော်ကြီးကျောင်း (၁) ကျောင်း အတွက် ကျောင်းဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ (၁၀၀,၀၀၀/-) တို့ကို (၅-၉-၂၀၂၃) ရက်နေ့တွင် ဟင်္သာတ ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။




(၄-၉-၂၀၂၃)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ အိပ်ပျက်အုပ်စု၊ ဖောင်ဆိပ်ကျေးရွာနှင့် တာငုတ်ကျေးရွာတို့၌ ကမ်းပြိုဘေး အန္တရာယ်ကြောင့် ကြိုတင်ဖျက်သိမ်းနေအိမ်(၂၆) ကျောင်း အတွက်အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ(၂,၆၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၉၃) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၉၅,၃၀၀/-) တို့ကို (၅-၉-၂၀၂၃) ရက်နေ့တွင် ဟင်္သာတခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။




(၁၀-၉-၂၀၂၃)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ အိပ်ပျက်အုပ်စု၊ ဖောင်ဆိပ်ကျေးရွာနှင့် တာငုတ်ကျေးရွာတို့၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ကြိုတင်ဖျက်သိမ်း လူနေအိမ်(၂၅)လုံးအတွက်အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေ(၂,၅၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၇၀) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်

(၁၄၇,၀၀၀ိ/-) တို့ကို (၁၅-၉-၂၀၂၃) ရက်နေ့တွင် ဟသ်ာတခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။




(၁၁-၉-၂၀၂၃)ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ ရေပေါ်သောင်ကျေးရွာ၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ကြိုတင်ဖျက်သိမ်း လူနေအိမ်(၆)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ (၆၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၂၄)ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၅၀,၄၀၀ိ/-)တို့ကို (၂၁-၉-၂၀၂၃)ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။




(၁၁-၉-၂၀၂၃)ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီး၊ တွံ့တေးခရိုင်၊ဒလမြို့နယ်၊ဆာပါချောင်ကျောင်းစုရပ်ကွက်၌ ကမ်းပြိုဘေး အန္တရာယ်ကြောင့် ကြိုတင်ဖျက်သိမ်း လူနေအိမ် (၁၈) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ(၁,၈၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ(၁၇၅)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၃၇၅,၉၀၀ိ/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၂၂-၉-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၃-၉-၂၀၂၃)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ဇလွန်မြို့နယ်၊ ညောင်ပင်သာအုပ်စုနှင့် ရေလဲအုပ်စုတို့၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ကြိုတင်ဖျက်သိမ်း လူနေအိမ် (၈) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ (၈၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ(၂၃)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄၈,၃၀၀ိ/-)တို့ကို (၁၅-၉-၂၀၂၃) ရက်နေ့တွင် ဟသ်ာတခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၅-၉-၂၀၂၃)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ဇလွန်မြို့နယ်၊ ကြာအင်းအုပ်စု၊ ဖားလက်ခို အုပ်စု၊ ညောင်ပင်သာအုပ်စုနှင့် ရေလဲကျေးရွာအုပ်စုတို့၌ ကမ်းပြိုဘေးအန္တရာယ်ကြောင့် ကြိုတင်ဖျက်သိမ်းလူနေအိမ် (၂၅)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ (၂,၅၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၁၀၉) ဦးတို့အတွက် ဆန်ရိက္ခာ ဖိုးထောက်ပံ့ငွေကျပ် (၂၂၈,၉၀၀ိ/-) တို့ကို (၁၉-၉-၂၀၂၃)ရက်နေ့တွင် ဟသ်ာတခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။






## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလအတွင်း မြေပြိုဘေးထောက်ပံ့မှုများ



(၄-၉-၂၀၂၃)ရက်နေ့တွင်တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ နို့ငါးကျေးရွာအုပ်စု၊ ချောင်းကဖီးကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ပေါ် မြေပြိုကျမှုကြောင့် လုံးဝ ပြိုကျ ပျက်စီး လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းထောက်ပံ့ ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၃) အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၆,၃၀၀)နှင့်ကယ်ဆယ်ရေး ပစ္စည်း (၁၈) မျိုးတို့ကို (၅-၉-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(ဘားအံ)မှ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့** **ဘားအံမြို့**



(၁၈-၉-၂၀၂၃)ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ဘားအံ)မှ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (ဘားအံ) အစည်းအဝေးခန်းမ၌ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မူးယစ်တပ်ဖွဲ့စုမှူး၊ ရဲမှူးမျိုးသိန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ဌာနဆိုင်ရာမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အရပ်ဖက်၊ မိတ်ဖက်မှ တာဝန်ရှိသူများ ၊ လူမှုရေးအသင်းအဖွဲ့နှင့် သတင်းမီဒီယာများ၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည် ထူထောင်ရေးစခန်း(ဘားအံ)မှ တာဝန်ရှိသူများ၊ သင်တန်း နည်းပြများ၊ သင်တန်းသား/သူများ စုစုပေါင်း(၄၀)ဦး တက်ရောက်ခဲ့ပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို နံနက် (၁၀:၃၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါကြောင်း သတင်း ရရှိပါသည်။

